SMART စာပေ

# စပယ်အောင်

# ကျွန်မဧည့်လမ်းညွှန်

ဧည့်လမ်းညွှန်ဖြစ်လိုသူများသာမက ခေါင်းဆောင်ဖြစ်လိုသူများပါ ဖတ်ရှုရမည့် စာအုပ်




စပယ်အောင်
ဒုတိယအကြိမ်
ကျွန်မဧည့်လမ်းညွှန်

# အမှာစာ

ချစ်ဆွေတို့ မောင်နှမတို့ရေ...

စာဖတ်ပရိသတ်တို့၏ အားပေးမှုကြောင့် ပထမအကြိမ်ထုတ် "ကျွန်မဒ္ဒေဝ့်လမ်းညွှန်" စာအုပ်သည် စတင်ဖြန့်ချိသည့်ရက်မှ (၇)ရက် အတွင်း ဆိုင်များပေါ်တွင် ရောင်းစရာ ကုန်သွားတဲ့အထိ ဖြစ်ခဲ့ရပါသည်။

အရောင်းရဆုံး စာအုပ်စာရင်းပင် ဝင်လိုက်ချေသေးသည်။

ထိုအဖြစ်အပျက်ကြောင့် စာရေးသူအဖို့ ပရိသတ်အား ပိုမိုလေးစားမြတ်နိုးမိလေသည် ။ မိဘဆရာများနှင့် မိတ်ဆွေကောင်းများအား ကန်တော့မိသည်။ မေတ္တာပို့မိသည်။

ရင်ထဲဆွတ်ပျံ့သွားအောင် ထိခိုက်ခံစားခဲ့ရသည်များက "စာဖတ်လေ့မရှိသော မောင်ငယ် နှမငယ်များ စာဖတ်လာသည်" တဲ့ မိဘများက စာရေးသူထံလာရောက်ပြီး ပြောပြကြတော့ အသက်ရှူမှားလောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။

ကြည်စင်လင်းလဲ့တောက်ပသော မျက်ဝန်းများဖြင့် တစ်ခါမှမမြင်ဖူးသောလူငယ်များ၊ ညီမငယ်လေးများ စာရေးသူထံ စာအုပ်လာဝယ်ကြသည်။ သူငယ်ချင်းသုံးဦး၊ လေးဦးပေါင်းပြီး တစ်အုပ်သာ ဝယ်နိုင်သည် ။ အပြန်လမ်းမှာလမ်းလျှောက်နေရင်း စာအုပ်ကို ဖတ်ရှုသွားကြသည်။

ကျွန်မသိလိုက်ပါပြီ။

မြန်မာပြည်၏ လူငယ်တိုင်းသည် မစပယ်လေးများ ဖြစ်ကြသည်။

**ချစ်သောစပယ်**

(မိခင်ကြီးအား လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး ဤစာအုပ်ဖြင့် ကန်တော့ပါသည်ရှင် )

*




## အခန်း (၁)
## ဧည့်လမ်းညွှန်လောင်းလေး မစပယ်

၁၉၉၂ နွေဦးကာလများသည် တက္ကသိုလ်ကျောင်းသူစပယ်၏ မှုန်ဝါးလှသော ဘဝစာမျက်နှာအစဖြစ်လေသည်။ အနာဂတ်သည် ဘယ်ဝယ်မသိ။ လက်ရှိဘဝသည် ဝေတေတေ ဝါးတားတားဟု ထင်သည်။ အမှန်က လုံးလုံးအမှောင်ဖုံးနေခြင်းဖြစ်သည်။ မာစတာတန်းဝင်သည်ကို ဆက်တက်နေရင်းစိတ်က မလုံချေ။ စီးပွားရေး ချွတ်ချုံကျနေသော မိဘများနှ

င့်၊ မိမိလို တက္ကသိုလ်မတက်ရရှာလေသော ညီမလေးအတွက် တစ်ကိုယ်ကောင်းဆန်ရာများကျနေမလား တွေးရင်း ဝမ်းနည်းနေတတ်သလို၊ တက္ကသိုလ်ကျောင်းသား တပြုံတမကြီးအား ပညာသင် ကြားပေးနေရရှာသော မိဘများအားလည်း အားနာလွန်းလှလေသည်။“”

နွေရာသီကျောင်းပိတ်ရက်များတုန်းက ရှေ့ဆက်ပြီး မိမိဘဝဘာတွေဆက်ဖြစ်လို့ ဖြစ်မယ်မှန်းမသိသေးချိန်ဝယ် ငယ်ဆရာ ဘုန်းတော်ကြီးကျောင်းသို့ သွားကန်တော့သေးသည်။ ဘုန်းဘုန်းက “ရန်ကုန်တက်ပြီး အလုပ်ရှာပေ့ါ” ဟု တိုတိုတုတ်တုတ် ပြောလေ၏။


“အရှင်ဘုရား....တပည့်တော်ကို အမေတို့က ရန်ကုန်မှာ အလုပ်လုပ်ဖို့ မလွှတ်လောက်ပါဘူးဘုရား” ဟု လျှောက်သောအခါ ငယ်ဆရာဘုန်းတော်ကြီးက “မိဘစကားနားထောင်နေရင်..ဘုရားတောင် ဘုရားမဖြစ်ခဲ့ဘူး။ အောင်ကြွင်ရေ့”ဟု မိန့်လေ၏။ အင်း....အဲဒါလည်း ဟုတ်ပေသား၊ မြတ်စွာဘုရားတောထွက်ဖို့တောင် မိဘတွေတားခဲ့သေးတာပဲဟု အတွေးပေါက်ပြီး ဘုန်းဘုန်းကို ပုဆိန်ပေါက်ဦးချကာ အိမ်ပြန်ခဲ့လေသည်။


ဒီလိုနှင့် ရန်ကုန်မြို့သို့ရောက် မာစတာတန်းပထမနှစ်ကို ဆက်မတက်ဖြစ်ဘဲ ပညာဒါနအခမဲ့ အင်္ဂလိပ်စကားပြောသင်တန်းများ၊ ဈေးသက်သာလှသော သင်တန်းများ ရွေးချယ်ကာ လိုက်တက်နေရင်း ရည်ရွယ်ချက်သိပ်မကြီးမားလှပဲ ဧည့်လမ်းညွှန်ဝင်ခွင့်စာမေးပွဲ ဝင်ရောက်ဖြေဆိုကာ အောင်မြင်ခဲ့လေသည်။

“ကြက်ကန်းတောင် ဆန်အိုးတိုးတတ်သေးတာပဲလေ....” စပယ်သည် ဧည့်လမ်းညွှန်သင်တန်းကို ကြက်ကန်းလိုတိုးခဲ့မိလေ၏။ လူသားစပယ်ကားမျက်မှန်ထူထူ၊ အူတူတူနှင့် ဧည့်လမ်းညွှန်သင်တန်း

စတင်တက်ရောက်လေသည်။

"မိမိနှစ်ပေါင်းများစွာ သင်ကြားခဲ့သော ကျောင်းပညာများအား သင်ရိုးကုန်ဝတ်ကျေတန်းကျေသင်ခဲ့သလောက် ဥည့်လမ်းညွှန်သင်တန်းကို ကား စ ပ ယ် အသေအလဲ စိတ်ဝင်စားလေ၏။ သင်ရိုးတိုင်းသည် စိတ်ဝင်စားဖွယ် အတိ။ ဆရာ ၊ ဆရာမ များသည် စင်မြင့်ပေါ်ဝယ် စစ်ဝတ်စုံဖြင့်တစ်မျိုး၊ အနောက်တိုင်းဝတ်စုံဖြင့် တစ်သွယ်၊ မြန်မာအဝတ်အစားအဖုံဖုံဖြင့် စိတ်ဝင်စားဖွယ် သပ်ရပ်ခန့်ထည်ကြသလို သင်ကြားမှုများမှာလည်း အစုံအလင်ပင်။ နိုင်ငံသမိုင်း၊ စစ်ဗျူဟာ၊ ရှေးဟောင်းပညာ၊ ဗိသုကာ၊ လေကြောင်းလိုင်းအကြောင်း၊ ဘဏ်အကြောင်း၊ ခရီးသွားလုပ်ငန်းအကြောင်း၊ ဟိုတယ်ဝန်ဆောင်မှုအကြောင်း၊ ဥပဒေပညာ၊ ပန်း (၁၀ )မျိုး၊ လောကနီတိ။ စီမံခန့်ခွဲမှုပညာစသည်တို့အပြင် ဥည့်လမ်းညွှန်များ၏ အတွေ့အကြုံ၊ လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများ၊ ပြည်သူ့ရဲလက်စွဲ၊ နိုင်ငံတကာဆက်ဆံရေး... စသဖြင့် ထိုကဲ့သို့ များပြားလှစွာသော ပညာရပ်များအား ယခုလိုလအနည်းငယ်အတွင်း သင်ကြားခွင့်ရကြသည်မှာ "မဟာ" အခွင့်အရေးပင်။ "




ဒီသင်တန်းတက်ရန် လက်တို့သူက ငယ်သူငယ်ချင်း သီရိ၊ သူမသည် စပယ်အား ရည်းစားစာပြန်နည်းမှအစ မျက်တောင်ငါးချက်ခတ်နည်း အလယ် အသက်မွေးဝမ်းကျောင်းဘဝ ရွေးချယ်သည့်အဆုံး အလွန်ပင် လွှမ်းမိုးခဲ့လေသည် ။ စပယ့်အရင် ဧည့်လမ်းညွှန်သင်တန်း တက်ပြီးလေသော သီရိသည် လုပ်ငန်းခွင် စတင်ဝင်ရောက်နေလေပြီ။

သင်တန်းတွင် အနှစ်သက်ဆုံးသည် နေ့လည်တိုင်း စားသောက်ရသော ခရိုစွန်ပေါင်မုန့်ညို ခပ်မာမာများနှင့် ရသာကော်ဖီကျဲဖြစ်သည်။ စပယ့်အတွက်ကား အငတ်အပြတ်ခံ ပညာရှာနေရချိန်မို့... နတ်သုဒ္ဓါ အလားပင်။ အရမ်းလည်း ပျော်ရွှင်ကျေနပ်ကျေးဇူးတင်မိသည်။ အမှန်တကယ် မိမိပေးသွင်းထားသော သင်တန်းကြေးများတွင် ယင်းသည်

ပါဝင်ပြီးသားဖြစ်သည်။ စပယ်ကား ကျေးဇူးတင် အလွန်သန်၏။ ရန်ကုန်အဆောင် ခပ်ညစ်ညစ် ဈေးချိုချို ၊ အခန်းမပါ၊ ဘာမပါ၊ လေဟာပြင်တွင် ရေချိုးရသည်ကိုလည်း ကျေးဇူးတင်သည်။ ဈေးပေါ သော ဘတ်စ်ကားကိုလည်း ကျေးဇူးတင်သည်။ နံနက်ခင်းစားရသော ထမင်းကြော် ဆီခြောက်ခြောက်ကိုလည်း ကျေးဇူးတင်သည်။ ကျောင်းသူဘဝက ဝတ်စုံလေးတွေ အရောင်နွမ်းပေမယ့် လူတောထဲသွားလာလို့ရနေသေးတာကိုလည်း ကျေးဇူးတင်သည်။ ဥသျှဖရားနားဆွဲလေး ဆွဲခွင့်ရတာကိုလည်း ကျေးဇူးတင်သည်။ သင်းပေါင်ဒါလေးဖြူး ထား ပြီး ချွေးစို့လို့ ကိုယ်နံ့သင်းသင်းလေး ရှိနေတာကိုလည်း ကျေးဇူးတင်သည်။ ပိုက်ဆံချေးသော သူငယ်ချင်းများကိုလည်း ကျေးဇူးတင်သည်။ သင်တန်းတွင် အင်္ဂလိပ်စာတတ်ပုဂ္ဂိုလ်များဖြင့် ခင်မင်ခွင့်ရသောကြောင့်လည်း ကျေးဇူးတင်သည်။

စပယ်အတွက် သင်တန်းတွင် စိတ်အလှုပ်ရှားရဆုံးသည်ကား (Running Commentary) ပေးရချိန်များဖြစ်သည်။ ခက်ခဲသော ခေါင်းစဉ်များသည် အမြဲ စပယ့်အတွက်လား ထင်ရသည်။ တော်ဝင်နန်းသုံး အသုံးအဆောင် (The royal regalia) လို ခေါင်းစဉ်များသည် စပယ့်အတွက် သီးသန့်မဲပေါက်လေ့ရှိ၏။ ရှင်းပေဦးတော့ တော်ဝင်နန်းသုံး အသုံးအဆောင်များအကြောင်း အမြှုပ် ထွက်လေအောင်၊ ဖတ်ပေဦးတော့စာတွေ ဖင်ပူးတောင်းထောင်တဲ့အထိ။ အိပ်ရာထဲတွင် ညီမသဇင်ကို လှုပ်နှိုးကာ ယောင်ရမ်းပြီး အင်္ဂလိပ်လိုတွေ ဘုရားသမိုင်း ရှင်းပြနေတာမျိုးကတော့ အိမ်က တော်တော်ပင် ရိုးနေကြလေပြီ။

ဘဝတွင် အောင်မြင်မှုများသည် ရှုံးသွပ်ခြင်းက စတင်ကြလေသည်။

## လိုင်စင်ရစပယ်

"နင်ရန်ကုန်မှာ အလုပ်လုပ်ချင်တယ်၊ နေချင်တယ်မဟုတ်လား။ ငါ တစ်ခုပဲ မှာမယ် ၊ ပိုက်ဆံမရှိရင်ရေသောက် ဗိုက်မှောက်ပြီး အိပ်.... ဘယ်သူ့အကူအညီမှ ရမယ်လို့ မမျှော်လင့်နဲ့ .....ဒါပဲ..."

တကျုတ်ကျုတ်ဗိုက်ထဲက ဆာနေသည်ကို အောင့်အီးပြီး ရေတစ်ခွက် ထပ်သောက်ချလိုက်၏။

အကိုအကြီးဆုံး မှာလိုက်သော စကားများအား နားထဲတွင် ပြန်ကြားလာမိသည်။ အင်း .....သူအကြားအမြင်များ ရနေသလားမသိ။

ညနေက သူငယ်ချင်းတစ်ဦးအား ပိုက်ဆံချေးဖို့ သွားရှာတာ မတွေ့ခဲ့ရ။ "မြ"သာ ရန်ကုန်မှာရှိနေခဲ့လျှင် ဒီလိုထမင်းငတ်တဲ့ညတွေ ကြုံရမည်မဟုတ်။ အနည်းငယ်စိမ်းသက်နေသော အဆောင်သစ်သို့ မိုးစုန်းစုန်းကြီး ချုပ်ချိန်၊ အများသူငါအိပ်ချိန်မှ ပြန်ရောက်လာခဲ့သည်။အတူနေသူငယ်ချင်းကလည်း နယ်ပြန်သွားသည်မို့ ဘာတစ်ခုမှ အကူအညီမရနိုင်။ မနက်ဖြန် သင်တန်းကျောင်းကို လမ်းလျှောက်သွားရလိမ့်မည်။

ဒါက ပြဿနာမဟုတ်၊ ညနေက လှည်းတန်းကနေ ပိုက်ဆံတစ်ပြားမှမပါဘဲဘတ်စ်ကားစီးကာ ပြန်လာရ၏ ။ ပြဿနာမရှိ ။ စပယ်ယာအား လူအလစ်မှာ လက်ညှိုးနှင့် လက်မဝိုင်းပြပြီး လက်ဝါးခါပြလိုက်တော့ ခေါင်းလေးမသိမသာညိတ်ပြီး လှည့်ထွက်သွားခဲ့လေသည်။ မျက်လွှာချကာ ခေါင်းငုံ့ပြီး ကားမှတ်တိုင်ပေါင်းများစွာ အလကားစီး၏။ ပုဇွန်တောင်မှာဆင်းတော့ မသိမသာလေး စပယ်ယာကို စွေကြည့်လိုက်မိသည်။ သူသည် ဖျတ်ခနဲလှည့်ပြီး ကားအနောက်ဖက်ဆီ လျှောက်သွားခဲ့လေ၏။

လူက အဆောင်ပြန်ရောက်တော့ နွမ်းလျနေ၏။ ရေချိုးလိုက်တော့ နည်းနည်းလန်းသွားသည်။ ထိုအခါကျမှ ဆာလောင်သော မရှေ့ဗိုက်

တစ်စခန်းထလေ၏။ တစ်ညတလေ အစားမစားရတာ ဘာအရေးနည်း။ စိတ်ပူသည်ကား သင်တန်းဆင်းကာနီးမို့ ကွင်းဆင်းခရီးစဉ် သွားရမည်ဟု ဆရာက ဒီနေ့ပြောလိုက်သည်။ ပုဂံသို့ လေ့လာရေးခရီးသွားရမည်။ သင်တန်းမှ ခရီးအတွက် အိပ်စရာဟိုတယ်နှင့်တကွ သွားရေးလာရေး ထောက်ပံ့လေသော်လည်း လက်ထဲတွင် ငွေတစ်ထောင်ကျပ်လောက်မှမပါသွားလျှင် မသင့်တော်။ ဒီခရီးအားလည်း လိုက်ပါမသွားသင့်တော့ပေ။ အိမ်ကိုလည်း အပူမကပ်ချင်တော့ပြီ။ မြဆီကလည်း ဟိုတစ်နေ့ကပင် သူ့လက်ထဲရှိသမျှ ငွေကျပ် ၈၀၀ လုံး ခြစ်ခြုပ်ပြီး ချေးသည်ဆိုကာ ယူလာခဲ့ပြီးသားလေ။ စိတ်လေလေနှင့် ပုဂံဘုရားများ၏ ဗိသုကာလက်ရာများအား ခဲတံတစ်ချောင်းနှင့် ပုံကြမ်းအမျိုးမျိုး ကိုင်ဆွဲနေလိုက်ကာ ကြာတော့ မျက်တောင်များစင်းလာပြီး အိပ်ပျော်သွားလေတော့သည်။




နောက်တစ်နေ့တွင် စာသွားထည့်ရင်း စာတိုက်ပုံးနားက ပိုင်ရှင်မဲ့ ခွေးနားဆွဲအပဲ့လေး ကောက်ရတာတွေ ပုဂံသို့ ကွင်းဆင်းခရီးစဉ် စရိတ် အတွက် အဆင်ပြေသွားတာတွေ အင်္ကျီအနီရောင်အသစ်ကလေး တစ်ထည်ဝယ် ဝတ်နိုင်ခဲ့တာတွေ အမှတ်ရခဲ့သေးတော့သည်။ ညှော့လမ်းညွှန် သင်တန်းဆင်းပွဲကျင်းပချိန် စင်ပေါ်မှအောင်လက်မှတ်ယူပြီးဆင်းအလာ တွင် ဘာကို ဝမ်းနည်းမှန်းမသိဘဲ မျက်ရည်ပေါက်ကြီးများ ပါးပြင်ပေါ်

တလိမ့်လိမ့်ကျလာခဲ့ဖူးလေ၏။

ဘဝသည် ပျားရည်တစ်စက်ကြောင့် အဓိပ္ပါယ်ရှိသွားတတ်သည်ဟု ဖွဲ့ဆိုရမည်ဆိုပါက ဧည့်လမ်းညွှန်သင်တန်းဆင်းလက်မှတ်ကလေးနှင့် ဧည့်လမ်းညွှန်လိုင်စင်က ကျွန်မဘဝ၏ ပျားရည်စက်ကလေး ဖြစ်ခဲ့ရဖူးသည်။

*

## ဝန်ထမ်းမကလေး မစပယ်

ဧည့်လမ်းညွှန်လိုင်စင်သည် တကယ်က ကျွန်မအိပ်မက်မက်ခဲ့သလို ပျားရည်စက်ကလေး မဟုတ်ခဲ့ပြန်ချေ။ ဆင်းရဲနွမ်းပါးသော ကာလများသည် မနိုးထနိုင်သော အိပ်မက်ရှည်ကြီး ဖြစ်နေခဲ့သည်။ အတွေ့အကြုံလုံးလုံးမရှိရှာလေသော ဧည့်လမ်းညွှန်အသစ်ကလေးတစ်ဦးအား မည်သည့်ခရီးသွား ကုမ္ပဏီကမျှ မိမိတို့၏ တန်ဘိုးကြီးဧည့်သည်နှင့် အရဲစွန့်ပြီး ခရီးစဉ်အားထည့်လိုက်နိုင်မည်မဟုတ်ချေ ။

ထိုအချိန်က ရန်ကုန်မြို့ပေါ်တွင် ခရီးသွားကုမ္ပဏီ ဆယ်ဂဏန်းမျှသာရှိလေ၏။ ရှိသမျှခရီးသွားရုံး အားလုံးနီးပါးသို့ ခြေတိုမတတ်သွား ရော က် အလုပ်လျှောက် ၊အခွင့်အလမ်းရှာနေခဲ့သည်။ ကြာလာတော့ အားကတော်တော်မဲ့လာခဲ့သည်။ သင်တန်းမှာ ခင်မင်ဖူးသည့် အင်္ဂလိပ်စကားပြော လွန်စွာကောင်းလှသော ဧည့်လမ်းညွှန် ဦးလေးကြီးနှင့် ကပ်ပြီး ဘုရားတွင် စကားပြန်လုပ်ကာ မိမိ၏ စကားပြောစွမ်းရည်နှင့် အတွေ့အကြုံကို တိုးတက်လေအောင် လုပ်ဆောင်ရမည်လော။ ဘာပဲဖြစ်ဖြစ်၊ ရုံးအကူရာထူးပဲရရ၊ မာနထားမနေပဲ ရုံးတစ်ရုံးရုံးမှာ ဝန်ထမ်းအလုပ်ဝင်လုပ်လိုက်ရကောင်းလေမည်လော၊ အတွေးတို့က ကစဉ်ကရဲဖြစ်လာ၏။ နယ်ပြန်ဖို့ကား လုံးလုံးမစဉ်းစား၊ ရန်ကုန်မှာ ခြေ

ကုပ်ယူဖို့ရာသာ အမျိုးမျိုးအဖုံဖုံ စဉ်းစားစီစဉ်နေမိ၏။

ပါပါးပြောဖူးသည့် ဇွဲသတ္တိအလွန်ကြီးမားသော သူ့သမီးစပယ်သည် ကာလတစ်ခုတွင်ကား ခရီးသွားကုမ္ပဏီ အသစ်တစ်ခု၏ ဝန်ထမ်းသစ်ကလေးသုံးဦးတွင် ပထမဆုံးသော ဝန်ထမ်းမလေးမစပယ် ဖြစ်လာခဲ့၏။ ရည်ရွယ်ချက်ကား ခရီးသွားကုမ္ပဏီတွင် အလုပ်လုပ်ရင်း တစ်ချိန်မှာ ဧည့်လမ်းညွှန်ဖြစ်လာစေရန် ဖြစ်လေသည်။ အသက် ၂၄ နှစ်အရွယ် ရှည်လျားသော ဆံပင်နက်နက်များနှင့် မစပယ်လေး၏ ရိုးရှင်းသော အိပ်မက်ကလေးသည် အကောင်အထည်ပေါ်လာ လေမည်လော....။

*

## ၁၉၉၅ ၏ လင်းရောင်ခြည်

ကြွေကမုတ်ကလေးအားပြောင်လက်နေအောင် တိုက်ချွတ်လိုက်ပြီး စပယ်တော်တော်ကျေနပ်သွားသည်။ အိမ်သာတံခါးအား ပြန်ပိတ်လိုက်ပြီး သန့်ရှင်းပြီးသား ရုံးတစ်ရုံးလုံးကို အပြီးသတ် သန့်ပြန့်နေအောင် ထပ်မံရှင်းလင်းလိုက်သည်။

ရုံးနံဘေး သစ်ပင်ခပ်အုပ်အုပ်မှ ဥသြသံလေးများ လွင့်လာတော့ ဘာရယ်မဟုတ် ခေတ္တ ငိုင်သွားခဲ့ရပြီး ငါဟာ တက္ကသိုလ်ဘွဲ့လွန် ကျောင်းသူတစ်ဦးမှ မဟုတ်တော့တာလေလို့ သက်ပြင်း ဖွဖွချသည်။

ပထမဆုံးဝန်ထမ်းမလေးအဖြစ် ဒီရုံးမှာ အလုပ်လုပ်ရတာ ဂုဏ်ယူလှသည်။ လခက တစ်လ ၂၅၀၀ကျပ် ၊ အဆောင်ခ ၈၀၀ ကျပ်ပေးပြီး ကျန်တာ ပါပါးတို့ အမေတို့ကို အပ်နှံသည်။ ပြီးမှ ပြန်တောင်းသုံးသည်။ အဆောင်နားက ထမင်းဆိုင်မှာ ငွေ ၁၀ ကျပ်ဖိုး ပန်းဂေါ်ဖီကြော်နှင့် ထမင်းဝသည်။ ထမင်းဆိုင်ရှင် အစ်မကြီးက စပယ့်ကို “ပန်းဂေါ်ဖီညီမ

လေး” ဟု အမည်ပေးထားသည်။ နှစ်ရှည်လများ စားလည်းစားနိုင်သည် ကိုး ။ ညဘက်ဆို အမေကြော်လှော်ပေးလိုက်သည့် ငါးခြောက်ကြော်၊ ချည်ပေါင်ကြော်တွေရှိသည်။ အရင်လို ငတ်တစ်လှည့်။ ပြတ်တစ်လှည့် မဟုတ်တော့ပေ။ အလုပ်နဲ့ အကိုင်နဲ့ကိုး။

၁၉၉၅ ခုနှစ်သည် ခရီးသွားခေတ်ဦးခေတ်ကောင်းမို့ အလုပ်လုပ်ရတာ ဘာပဲပြောပြော အားတက်ပျော်ရွှင်သည်။ Visit Myanmar Year 1996 ဟု မြန်မာပြည်အစိုးရက ကြေညာနေသည်။ စပယ့်အတွက်တော့ “ငါသည် ၁၉၉၆ တွင် ဧည့်လမ်းညွှန် ဖြစ်ကိုဖြစ်ရမည်” ဟု စိတ်ထဲက ကြိတ်ပြီး ကြုံးဝါးမိသည်။ စီနီယာ ဧည့်လမ်းညွှန်ကြီးများရုံးသို့ လာလည်လျှင် အားကျသည် ။ သွားရည်ကျသည်။ စာသင်ပေးဖို့ ပြေးပြီး တပည့်ခံသည်။ ဆရာ၊ ဆရာမတို့သည် သီလ၊ သမာဓိ၊ ပညာနှင့် အထူးပြည့်စုံကြသည်။ အဘက်ဘက်က တော်လွန်းလှသည်။ ကိုယ်ကျင့်တရား ခိုင်မာသည်။ ဆရာမကြီးတစ်ဦးကဆိုလျှင် တအားရယ်နေလျှင်ပင် မကြိုက်။ မျက်နှာထားအား တည်တည်ကြည်ကြည် နေစေ၏။ သူ့ရှေ့တွင် ဝတ်ပုံ ၊စားပုံ အမြင်မတော်လျှင် ဆူပူတော့သည်။

တစ်နေ့တော့ မမျှော်လင့်ဘဲ စပယ်တို့ရုံးသို့ ဒါရိုက်တာများက ဧည့်သည် တိုးရစ်(စ်)များကို ခေါ်ချလာကြသည်။ ဧည့်လမ်းညွှန်ရှူး သေမတတ် ရှူးနေသော်လည်း တကယ်တမ်း ရုံးသို့ ဧည့်သည်တိုးရစ်(စ်) မမျှော်လင့်ဘဲရောက်လာသောအခါ စကားပြောရမှာ ကြောက်ပြီး သန့်စင်ခန်းထဲ ဝင်ပုန်းနေမိသည်။ စပယ့်မှာ ရင်တွေတုန်ကာ ဘယ်ကဘယ်လို စကားပြောရမည်မသိ။ စိတ်လှုပ်ရှားလွန်းလို့ ဇောချွေးများတောင် ပြန်လေသည်။ဘယ်လိုမှ စကားပြောလို့မထွက်ခဲ့ပေ။ ဒါပေမဲ့ မရချေ။

ရုံး မှ ဒါရိုက်တာဆရာများက ကိုယ်တွေနဲ့ စကားပြောပေးဖို့ကို

သက်သက်ရုံးသို့ ဖိတ်ခေါ်လာခြင်းပင်။ နောက်ဆုံးတော့ အိမ်သာထဲမှ ထွက်ခဲ့ရ၏။ တကယ်တမ်းပြောမယ့် ပြောသောအခါ ကြက်တူရွေးနှုတ်တိုက် တသီတသန်းကြီးအပြင် "I am busy from sunset to sunrise " ဟု တလွဲကြီးပြောချလိုက်လေရာ ဧည့်သည်တိုးရစ်(စ်)တွေရော၊ ရုံးက ဒါရိုက်တာများပါ မပြုံးဘဲ ဝါးလုံး ကွဲဖြစ်ကြရတော့သည်။ စပယ်သည် ရှက်ကလည်း အရှက်သန်သည်မို့ ထိုနေ့တစ်နေ့လုံး ရုံးက လူများကို ရှောင်နေမိတော့သည်။

ရွေစင်ခရီးသွားလုပ်ငန်းအပေါ်တွင် စပယ်တို့ ဝန်ထမ်းအသစ်များ၏ ရိုက်ချက်ဒဏ်တွေကလည်း နည်းနည်းနောနောတော့ မဟုတ်ပါချေ။ ကိုယ်တွေက ရုံးလုပ်ငန်းဘာမှ လုပ်တတ်သေးတာမဟုတ်။ Fax ပို့တာတောင် ကြေးနန်းရုံးက သွားသွားပို့နေရသည့် ခေတ်အခါဝယ် စပယ်တို့၏ လုပ်ငန်းမကျွမ်းကျင်မှုများက ရုံးအတွက် ထိခိုက်နစ်နာစေခဲ့လေမည်။ တစ်ခါတစ်ရံ မှန်ခန်းအပြင်သို့ လွင့်လာသော ဒါရိုက်တာများ အစည်းအဝေး၏ အသံများတွင် "တတ်ပြီးသားမှ ခန့်ချင်တယ်ဗျာ" "အကုန်သင်ပေးနေရတာ သေတော့မယ်၊ ခင်ဗျားတို့လည်း ကူကြဦး" စသည်များ တစ်စွန်းတစ်စကြားချိန်ဝယ် အားတွေလည်း နာ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပေ။

အလုပ်ပြုတ်မှာကလည်း သေမလောက်ကြောက်တာမို့ ကိုယ်တတ်တာတော့ ကိုယ်အကုန်လုပ်ပေးမည်။ ဧည့်သည်တွေလာလျှင် သေသေချာချာ ဧည့်ခံပေးမည်။ ကော်ဖီတိုက်သည်။ စာရေးဆရာများ ရုံးသို့ လာလည်တတ်သေးရာ စပယ့်မှာ ပျော်လို့မဆုံး။ သူတို့ လာလည်လျှင် နိုင်ငံခြားဖြစ် ကော်ဖီခွက်လှလှကလေးနှင့် ကော်ဖီအကောင်းဆုံး ဖျော်တိုက်သည်။ သို့သော် အလွဲများ၊ အမှားများကလည်း တစ်ပုံတစ်ပင် လုပ်ခဲ့မိသည်။

တစ်နေ့တွင် ရုံး၏ အကြီးဆုံးဒါရိုက်တာသည် မှန်ခန်းထဲမှ တစ်ရှိန်ထိုးပြေးထွက်လာကာ ရုံးအပြင်သို့ ထွက်သွားသည်။ ပြီးတော့ အူး..အီး..စသည်ဖြင့် တစ်ယောက်တည်း ကုန်းအော်နေ၏။ သူဘာတွေဖြစ်နေမှန်း စပယ်တို့ ဝန်ထမ်းသစ်လေး သုံးယောက် မသိချေ။ ကြောင်တောင်တောင်လေးတွေ တစ်ဦးမျက်နှာတစ်ဦး အပြန်အလှန်ကြည့်လိုက်ကြ၏။ ဘာမှ နားမလည်နိုင်သဖြင့် စပယ်တို့ သုံးဦးသား သူ့ကို လျစ်လျူရှုလိုက်ကာ ကိုယ့်အလုပ်သာ ကိုယ် ဆက်လုပ်နေကြသည်။ နောက်မှ သိရသည်။ စပယ်တို့တွေ တလွဲအကြီးအကျယ်လုပ်ထားသဖြင့် စိတ်ဆိုးလွန်းကာ ဆူလည်းမဆူရက်သဖြင့် သူ့ဖာသာတစ်ကိုယ်တော် ပေါက်ကွဲခြင်းတဲ့။ စပယ်တို့တွေ ထိုကဲ့သို့ လူရည်လည်ခဲ့ကြ၏။ အကင်းပါးခဲ့ကြ၏။


စပယ်သည် ရိုးသားကြိုးစားခြင်းဖြင့် တစ်နေ့တွင် အောင်မြင်ရမည်။ ညွှ့လမ်းညွှန် ဖြစ်ကို ဖြစ်ရမည်ဟု တစိုက်မတ်မတ်တွေး၏။ ဆင်ခြင်၏။ ညွှ့လမ်းညွှန်အကြောင်း သင်တန်းများ တက်၏။ အင်္ဂလိပ်စာသင်တန်းများအား အဆက်မပြတ်တက်၏။ အလုပ်ရပြီမို့ အနည်းငယ် ပိုမိုကောင်းမွန်သော အဆောင်သို့ ပြောင်းနေလိုက်၏။ စပယ်၏ အဆောင်အခန်းကျဉ်းလေးတွင် စာအုပ်ဟောင်းများ၊ မိတ္တူစာရွက် စာတမ်းများဖြင့် ပြည့်နှက်နေသည်။

ရုံးမှ ဒါရိုက်တာတစ်ဦးက စပယ်တို့ကို ခရီးသွားနှင့်ဆက်စပ်ပညာရပ်များအား အထူးတလည် သင်ကြားပေး၏။ ငှက်များအကြောင်း၊ မြန်မာ့ရှားပါးသားငှက်တိရစ္ဆာန်များအကြောင်း၊ ဂေဟစနစ်အကြောင်း၊ ခရီးစဉ်ရေးဆွဲပုံအမျိုးမျိုး၊ ဘုရားသမိုင်းတော်များ၊ ခေတ်အဆက်ဆက်ဗိသုကာလက်ရာများ ပြောင်းလဲလာပုံ၊ မိမိနိုင်ငံသမိုင်းနှင့် သူတစ်ပါးနိုင်ငံသမိုင်း ယှဉ်တွဲရှင်းလင်းပုံ၊ ဘာသာကြီးလေးခု၊ ဧရာဝတီမြစ်

အကြောင်း၊ မြစ်ဆုံ၊ မြစ်ကျဉ်းများအကြောင်း စသည်ဖြင့် မငြီးနိုင်အောင် သင်ကြားပေး၏။ လုပ်ငန်းရှင်များဖြစ်ကြသော်လည်း မာန်မနဟူသည် မရှိ၊ အဆင့်အတန်း မခွဲခြားပေ။ ပညာအသင်ခံသော စပယ်နှင့် သင်ကြားပေးသူများတွေ့ကြသည့် ပွဲပေမို့ စပယ့်မှာ ပျော်ရွှင်မဆုံး၊ သွက်လက်ချက်ချာသော စပယ်သည် ဒါရိုက်တာကတော်များ၏ လက်ကတုံး တောင်ဝှေးကလေးလည်း ဖြစ်ခဲ့ရလေသည်။

တစ်ချိန်တွင်ကား လိမ္မာလှသော မစပယ်လေး၏ ဆန္ဒပြည့်ဝလေတော့၏။ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလဖြစ်လေသည်။ ရုံးမှာရှိသမျှ ဧည့်လမ်းညွှန်လိုင်စင်ရ ဝန်ထမ်းသုံးဦးတွင် ပထမ နှစ်ဦးက တိုးရစ်(စ်)များနှင့် ခရီးစဉ်လိုက်ပါသွားကြလေပြီး စပယ်သာ ကျန်ရစ်နေခဲ့ရသည်။ ရုံးအလုပ်များကလည်း တော်တော့်ကို များပြားလေသည်။ သို့သော်လည်း ကံတရားသည် စပယ့်ကို ဒီတစ်ခါ အလှည့်ပေးရချေပြီ။ အသစ်ဝင်လာသော ၄၈ ရက် ဓာတ်ပုံရိုက်ခရီးစဉ်အား ဧည့်လမ်းညွှန်အဖြစ် ဝန်ဆောင်မှုပေးရန် ဧည့်လမ်းညွှန် အသစ်စက်စက်မစပယ်လေးအား ရုံးမှ ရွေးချယ်လိုက်လေတော့သည်။

*


ဧရာဝတီ

# အခန်း (၂)
# ဧရာဝတီနှင့် မစပယ်

ဧရာဝတီသည် ဧရာဝတီဖြစ်သည်။


စိမ်းကြည်နေသော မြစ်အထက်က ရေစင်ကြည်သည် ခေါင်းငုံ့လျှိုးပြီး ထိုးဆင်းသောက်ချင့် စဖွယ်ပေ။

ဝါးဖောင်များ တသီတသန်းကြီး စီကာရီကာ မြစ်တစ်လျှောက် စုန်ဆင်းနေပုံက သက်ရှိပန်းချီကားတစ်ချပ်ပင်။

ဆောင်းလေသည် ဝေ့ခနဲ၊ ဝဲခနဲ ကျီစယ်နေလေ၏။ နှင်းမပေါက်၊ မြူမပေါက် မနက်ခင်းအလှသည် ဧရာဝတီမို့သာ တွေ့ရနိုင်လေသည်။ မြစ်ကမ်းရိုးပေါ်မှ ပြောင်းခင်းစိမ်းစိမ်းများသည် မျက်စိတစ်ဆုံး နွဲ့ယိမ်းနေကြကာ မြစ်လယ်ခေါင်တွင် ကျောက်ချ ရပ်တန့်ထားသော စပယ်တို့သင်္ဘောကို ကမ်းပေါ်တက်လာဖို့ ကလူသလို၊ မြူသလိုပင်။

နေရာကား ဗန်းမော်မြို့အနီးရှိ ဒုတိယမြစ်ကျဉ်းအနား ဖြစ်လေ၏။

စပယ်နှင့် တိုးရစ်(စ်)များသည် သမ္ဗန်ကြီးပုံစံ သင်္ဘောတစ်စီးပေါ်တွင် တိတ်ဆိတ်စွာ မနက်စာစားနေကြသည်။ ထမင်းချက်က လက်ရာအင်မတန်ကောင်းလှသည်။ ကောင်းဆို ရုံးမှ မန်နေဂျာကတော်က သင်္ဘောပေါ်တွင် လိုက်ပါလာကာ ချက်ပြုတ်ကျွေးမွေးနေခြင်းဖြစ်သည်။




ယနေ့ခေတ်လို အစားအသောက်ကျွေးမွေးသည့် ဝန်ဆောင်မှု (Catering Service)တွေ အလျှံပယ်ဖြစ်နေသောခေတ် မဟုတ်ရလေကာ၊ ခရီးသွား ကုမ္ပဏီများအဖို့ ကိုယ်ဒူးကိုယ်ချွန် စီစဉ်လုပ်ကိုင်ကြရသည်။ သို့သော် ဖြူသစ်လွင်နေသော စားပွဲခင်းနှင့် တိုက်ပန်းကန် အကောင်းစားများ၊ အင်္ဂလန်ဖြစ် ဇွန်းခရင်းများဖြင့် သစ်သားသင်္ဘောပေါ်တွင် စပယ်တို့ အထက်တန်းကျနေလိုက်သည်မှာ ပြောဖွယ်ရာမရှိချေ။ ၁၃၄၈ မိုင်ရှည်သော ဧရာဝတီ၏ ရေနောက်နောက် မြစ်ဝကျွမ်းပေါ်ပိုင်းကိုသာ မြင်ဖူးတွေ့ဖူးလေသော စပယ်သည် မြစ်အထက်ပိုင်းတွင် ဒီလောက်ကြည်လင်လှပနေလိမ့်မည် မထင်မိခဲ့ပေ။

ဒုတိယမြစ်ကျဉ်းသည် ၃၆ မိုင်ရှည်လျားသော ပထမမြစ်ကျဉ်းထက် ၄ မိုင် ပိုမိုရှည်လျားပြီး ဆင်ခံရွာနှင့် နောင်မွန်ရွာ အကြားတည်ရှိလေသည်။ ဧရာဝတီသည် တောင်စွယ်တောင်တန်းများကို ရေစီးသန်သန်ဖြင့် ဖြတ်စီးနေခဲ့သည်။ တစ်နေရာတွင်ကား ပေတစ်ထောင်နှစ်ရာ ကျော်

မြင့်သော "နတ်မြတ်နားတောင်တော်" သည် ကမ်းနားတစ်လျှောက် သွယ်တန်းလျက် စိမ်းစိုညို့မှိုင်းနေခဲ့သည်။ ကျွန်းပင်ကြီးများသည် အနီးအနားတွင် ကမ်းစဉ်တစ်လျှောက် မြောက်မြားစွာ ပေါက်ရောက်နေသည်ကို စပယ့်အဖို့ မမေ့နိုင်အောင် မျက်စေ့ထဲ စွဲထင်ခဲ့ရသည်။ ရွှေဂူမရောက်ခင်အထိ ရောဝတီသည် ခပ်ကြမ်းကြမ်း စီးဆင်းနေခဲ့လေ၏။







ရွှေဂူသို့ရောက်လေတော့ ထုံးစံအတိုင်း ဓာတ်ပုံဆရာတိုးရစ်(စ်) များက ဓာတ်ပုံရိုက်ဖို့ ပြင်ဆင်ကြလေတော့သည်။ ဈေးအတွင်းရှိ မနက်ခင်း ရှုခင်းများဖြင့် ရွှေဂူသည် ဓာတ်ပုံဆရာများအား မအားလပ်လေအောင် အမျိုးမျိုးဆွဲဆောင်သည်။ ၂၀၀၊ ၄ ၀ ၀ Pixel ဖလင်လိပ်များကား သံသေတ္တာအနက်ရောင်များနှင့် အပြည့်အသိပ်မို့ ကြိုက်သလောက်သာ

ရိုက်ကြစမ်းပါပေ့။

စပယ်သည် တစ်ခါတစ်ခါ ဧည့်လမ်းညွှန်ဖြစ်၏ ၊တစ်ခါတစ်ခါ စကားပြန်ဖြစ်ရကာ ၊ တစ်ခါ တစ်ခါ စားဖိုမှူးဖြစ်လေ၏၊ တစ်ခါတစ်ခါ ပစ္စည်းသိမ်းပြီး တစ်ခါတစ်ခါ ကင်မရာထောက်တိုင် ဝိုင်းထမ်းရသည်။ တစ်ခါတစ်ခါ ဈေးဝယ်ထွက် အဖော်ဖြစ်ရပြန်ကာ။ တစ်ခါတစ်ခါ ဆိုင်ယ်တစ်စီးနှင့် တကောက်ကောက်ဧည့်သည်များနောက် ပါလာတတ်လေသော ရာထူးနှင့် ပုဂ္ဂိုလ်များအား ပျော့ပြောင်းညှိနှိုင်းရလေ၏။ တစ်ခါတစ်ခါ လှေအမိုးပေါ် သူတို့ နေပူစာလှုံသော် ဘာမဆိုင် ညာမဆိုင် နေပူခံစောင့်ကြည့် ခစားနေရပြန်သည်။ လှေသားနှင့် ဧည့်သည်ကြားလိုအပ်လာပါက စကားပြန်ပေးရန် နိုးနိုးကြားကြားနေနေရသည်။ မျက်လုံးနှစ်လုံးပွင့်ကတည်းက မျက်လုံးနှစ်လုံးပိန်သွားသည့်အချိန်ထိ ဧည့်သည်စိတ်တစ်ခုတည်းသာ စပယ့်မှာရှိ၏။


စပယ်၏ ညိုစိမ့်စိမ့်အသားသည် မည်း၏။ ပြာ၏။ ကြမ်း၏။ အချိန်အားဖြင့်လည်း ခရီးစဉ်ရက် ၂၀ ကျော်လေပြီကို။

ဧည့်လန်းညွှန်အသစ်ကျပ်ချွတ်လေးစပယ်သည် ရံဖန်ရံခါ ဧည့်သည်နားလည်အောင်ရှင်းမပြနိုင်သဖြင့် အအော်အငေါက်အငြူစူခံရကာ၊ တစ်ခါတစ်ရံကား “နင့်လောက်တော်တဲ့ ဧည့်လမ်းညွှန် မြန်မာပြည်တွင်မရှိ” ဟု ချီးကျူးခံရ၏။

စပယ့်ကို တွေ့တွေ့ချင်းက “Lady First” ဟုဆိုကာဈေးပေါပေါ စပယ်အနွေးအကျႌပန်းရောင် ပါးပါးကလေးကို ထမင်းစားဝိုင်းတွင် အသာအယာ ကိုင်ယူပြီး ကုလားထိုင်နောက်မှီတွင် ရွရွကလေးလွှာပေးခဲ့ဖူးသော အမျိုးသားကြီးသုံးဦးသည် နောင်သောအခါ l Lady First သည် သူတို့နိုင်ငံတွင်သာရှိသည်ဟု နောက်ပြောင်စကားဆိုလေသဖြင့်

စပယ်လေးမှာ ကင်မရာဒေါက်တိုင် အကြီးကြီးများအား ခါးကျိုးမတတ် ဝိုင်းထမ်းပေးရသည့် ဘဝရောက်လေတော့၏ ။

စပယ်တို့ကုမ္ပဏီ၏ တိုးရစ်(စ်)များသည် အများသူငါ သွားလာလည်ပတ်လေ့ရှိသော မြို့ကြီးများအား စိတ်မဝင်စားကြချေ။ နာမည်ကြီးဓာတ်ပုံဆရာသည် ယခုခရီးသွားသုံးယောက်၏ ဦးဆောင်ကြီးဖြစ်၏ ။သူ၏ဆရာဝန်သည် နာခေါင်းတော်တော်ချွန်၏ စပယ့်ဘဝတစ်လျှောက် တွေ့ဖူးသမျှထဲတွင် သူ့ထက်ချွန်သူ မရှိလေတော့ချေ။ ဓာတ်ပုံဆရာ၏ တပည့်သည် စပယ်နှင့် သက်တူရွယ်တူဖြစ်၏။ ရွှေညို ရောင်ဆံပင်ရှည်ရှည်များကို နဖူးတင်းနေအောင် စုချည်ထားတတ်၏။ သူနှင့်သာ အဓိကစကားပြန် လုပ်ပေးရ၏။ သူသည်အမြဲတမ်းလိုလို သုံးဘီးကားရောင် ဘောင်းဘီပွပွကြီးဝတ်ထားတတ်၏။ ဘာလို့ အဲဒီလို ဝတ်ထားရတာလဲဟု မေးကြည့်သောအခါ ညှော်လမ်းညွှန်အား ကူညီသည့်အနေဖြင့် လူပျောက်မသွားစေရန် အရောင်တောက်တောက် အမြဲ ဝတ်ထားရသည်ဟု ရွှဲ့ကာဖြေသည်။ ကောင်းလေစွ။



ဧရာဝတီ၏ ဒုတိယမြစ်ကျဉ်း

သူရွဲ့သည်က အကြောင်းရင်းရှိသည်။ သင်္ဘောမစီးခင် ရထားဖြင့် ဂုတ်ထပ်တံတားဖြတ်သန်းတုန်းက သူပျောက်သွားခဲ့သည်။ ဓာတ်ပုံဆရာနှင့် ဆရာဝန်သည် နေရာတွင်သာ ထိုင်နေကြ၏။ ဓာတ်ပုံ ရိုက်ကြသည်။ လှစ်ခနဲ့သူ စပျောက်သွားတော့ စပယ် တွဲစေ့လိုက် ရှာသည်။ ဘယ်တွဲမှာမှ သူမရှိချေ။ နှစ်ခါပြန်ရှာ၏။ သူ့ကိုမတွေ့ပါ။ တွဲစောင့်တွေ ယောက်ယက်ခတ်ကုန်၏။ သူသည် ဂျိန်းစဘွန်းကားထဲကလို အမိုးပေါ်များ တက်သွားသလားရှာကြ၏။ မဟုတ်ပြန် ။ စပယ်နှင့် တွဲစောင့်၏ မျက်နှာသည် သေးသေးကလေးသာရှိတော့သည်။ ဘုရား ဘုရား ကြားဖူးထားသော ရုပ်ရှင်မင်းသား ပြေငြိမ်းလိုများ ရထားသွား တုန်း ပြုတ်ကျကျန်ခဲ့တာများလား။ အသက်ရှူရခက်ခဲလာ၏။ နောက် တစ်ခေါက် ထပ်ရှာကြပြန်သည်။ ဦးခေါင်းထဲမှသွေးများ တဒိန်းဒိန်းတိုး လာရလေသည်။

ဘုရားမလေသည်။ ကလေးတစ်ယောက်က စပယ့်အား

လက်ညှိုးထိုးပြခဲ့သည်။ ကိုယ်တော်ချောလေးက ရထား၏နောက်ဆုံးတွဲ တံခါးအပြင်ကို ကျောကပ်မီကာ နောက်ပြန်ရပ်လျက် ဓာတ်ပုံတစ် ဖျတ်ဖျတ်ရိုက်ကာ လိုက်လာသည်ကိုး။ ထိုစဉ်က စပယ်သည် သူ့ကို နောက်နောင် ယခုကဲ့သို့ မပြောမဆို၊ အသိမပေးဘဲ ပျောက်မသွားပါနှင့် ဟု မျက်နှာတည်တည်ဖြင့် ပြောဆိုဆူခဲ့ဖူး၏။ သင်းက အသေစွဲ မှတ်ထားခဲ့သည်ကိုး။

ဆရာဝန် နှာခေါင်းချွန်သည် စပ်စုမှုလွန်ကဲ၏။ သူသည် မစပယ် လေးသုံးစွဲသော အလှပြင် ပစ္စည်းဘူးလေးသည် နိုင်ငံတကာကသိသော “ဘီစကစ် ဘူးခွံ” ဖြစ်နေသည်ကို အသံထွက်ဖတ်တတ်ပြီး ပြုံး၏။

မစပယ်၏ ဒိုင်ယာရီအား လေ့သား ခိုးဖတ်နေသည်ကို အိမ်သာ တံခါးထုပြီး လာအော်တတ်၏ ။ မစပယ်တို့ ဈေးဝယ်ထွက်ပါက ဈေးထဲ လိုက်လာတတ်ပြီး ဒေသခံများအကြောင်းလေ့လာ၏။ မြန်မာပြည်က ပြန်လျှင် မြန်မာပြည်အကြောင်းစာတစ်အုပ်ရေးမည်ဟု သူ့ဘာသာကတိ ပြု၏။

နာမည်ကြီး ဓာတ်ပုံဆရာသည် နိုင်ငံခြားဇာတ်ကားများထဲကလို ဦးခေါင်းပေါ်တွင် ဆံပင်ခွေခွေများ တင်ထားသော တရားသူကြီးနှင့် တူ၏ ။သူသည် စကားကျယ်ကျယ်ပြောလျှင်ပင် မနှစ်သက်တတ်ပေ။ သူ၏ဓာတ်ပုံပညာ အတွေးအခေါ်များပျံ့လွင့်သည်ဟု စွပ်စွဲတတ်၏။ တပ်ထားသော မျက်မှန်ဝိုင်းဝိုင်းသေးသေးလေးအား ချွတ်ချွတ်ပြီး မျက်မှန်ကိုင်းနှင့် နားကလော်ရင်း ကမ္ဘာကျော်ဓာတ်ပုံများ ဖန်တီးရန် အိုင်ဒီယာထုတ်သည်ဆို၏။ မန္တလေးတွင် ရှိနေခဲ့စဉ် ခရစ္စမတ်ညကြီး တွင် ဓာတ်ပုံဆရာ မေ့ကာလဲလေသည် ။ သူ၏ဆရာဝန်ကော စပယ်တို့ ပါ တစ်ညလုံး မအိပ်ကြရချေ။ ဆေးရုံကိုကား သွားပါမည်ဟု တစ်ခွန်းမ

ဟသည်မှာ ထူးလှ၏ ။ စပယ်သည် ခေါင်းတော်ညိတ် စိတ်တော်ပါအရာ သာ နေရလေသူမို့ သူတို့စီမံသည့်အတိုင်းသာ နေရသည်။ ရုံးက တာဝန်ရှိသူနှင့် ဓာတ်ပုံဆရာတပည့် စကားပြောရန် စီစဉ်ပေးရ၏။ ဓာတ်ပုံဆရာမသက်သာပါက သူတို့ပြန်ကြမည်။ နောက်တစ်နေ့နံနက် တွင်ကား ဓာတ်ပုံဆရာ သက်သာသွား၏။ စပယ်သည် အမြဲတမ်း ထို ကဲ့သို့ကံကောင်းတတ်၏။

စပယ်တို့၏ ခရီးစဉ်သည် ထူးဆန်းသည် ။ မြန်မာပြည်၏ လူသူအ ရောက်အပေါက်နည်းလှသော ဒေသအများအပြားသို့ ရောက်ရှိ၏။ အကျဉ်းသား ကျောက်ထုစခန်းများကို ဖြတ်သန်းခဲ့သလို။ ဆင်စခန်းများ တွင်လည်း သဘာဝဆင်များရှာကာ တောသွားတိုးကြ၏။ လှေကလေး ဖြင့် ဧရာဝတီမြစ်ထဲ ညဘက်မီးများမျောနေကြသည်ကို လိုက်လံဓာတ်ပုံ ရိုက်သည့် အခါမျိုးရှိပြီး အင်းလေးဖောင်တော်ဦးဘုရားပွဲအား နေပူထဲ ဖွဲ့ခတ်ကာ တစ်စောင့်စောင့်ရိုက်၏ ။ တစ်ရွာဝင် တစ်ရွာထွက်ရိုက်၏။ သိပ်မကြာခင်မှာပင် ကသာမြို့သို့ မီးရထားဖြင့်ရောက်ရှိကြပြန်သည်။ ဒုတိယကမ္ဘာစစ် လက်ကျန် ဧရာဝတီဖလိုတီလာ သင်္ဘောကုမ္ပဏီ၏ ဧရာဝတီမြစ်အောက် နစ်မြုပ်ထားပစ်ခဲ့ကြသော သင်္ဘောခွံများအား တူး ဖော်နေသည့်လုပ်ငန်းခွင်တစ်ခု ကသာတွင်ရှိ၏။ ထိုအရာများကိုလည်း ဓာတ်ပုံရိုက်ကြပြန်လေသည်။ တဖန် ဧရာဝတီကို စုန်ဆင်းလာကာ နေဝင်ရီတရောတွင် တကောင်းမြို့ဟောင်းရှိ မြို့ရိုးများ၊ ဘုရားအို ဘုရားပျက်များကြားတွင် ဖုန်တလုံးလုံးနှင့် စပယ်တို့၏ ဓာတ်ပုံဆရာ များ မုဆိုးလိုက်နေပြန်လေတော့သည်။ သူတို့သည် မြန်မာ့အလှအပ များ၏ ဓာတ်ပုံမုဆိုးများဟု စပယ်က ကင်ပွန်းတပ်လေ၏ ။

၁၉၉၅ ခုနှစ်လိုအချိန်မျိုးတွင် သူတို့သည် ညှော့လမ်းညွှန်ကို နိုင်ငံရေး ဆွေးနွေးခွင့်တောင်းခဲ့ကြသည်။ စပယ်က “နံရံတိုင်းမှာသာ နားရှိတာ”

မဟုတ် ၊မြန်မာပြည်တွင်ကား "လေထုထဲမှာလည်း နားများစွာရှိသည်" ဟု ပြောလိုက်မှ ငြိမ်သွားကြသည်။ အဲဒီလို မပြောလို့ကလည်း မဖြစ်ချေ။ သူတို့က လူကြားထဲပြောလို့မရလျှင် ဟိုမှာ လယ်ကွင်း၊ အဲ့ဒီမှာ သွားပြောကြမည်ဟု ဆိုလေသည်ကိုး။

ညနေဆည်းဆာအချိန်တွင် ရွှေမဉ္ဇူသင်္ဘောသည် ရွှေဂူတွင် ကျောက်ချရပ်နားနေ၏။ နောက်သုံးရက်ဆိုလျှင် မန္တလေးနန်းမြို့သို့ ရောက်လေတော့မည်။ သင်္ဘောခရီးစဉ်လည်း အဆုံးသတ်လေတော့မည် ။ တိမ်ပန်းချီရောင်စုံသည် ကောင်းကင်တွင် လှပတင့်တယ်လွန်းလှပြီး ဧရာဝတီသည် လှိုင်းကြက်ခွပ်ငယ်များဖြင့် ကဗျာဆန်ဆန် နုနွဲ့နေလေ၏။ တာပိန်မြစ်အနားတုန်က ရေစီးသန်ကြမ်းတမ်းလှသော မြစ်သခင်မလေး သူမဟုတ်သလို လရောင်ဖျော့ဖျော့ဆမ်းစအောက်တွင် မပြုံးသလို ပြုံးသလို ဟန်ဆင်ချင်တိုင်း ဆင်နေလေ၏

*